myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

February 5, 2019 Volume 16, Number 3

**၅.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/ကျပ် |
| CBM Rate | = ၁၅၁၈.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၃.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၉.၄ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၁.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၁၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၆၇ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၇၈ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၉၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၂၇ကျပ် |

## မြန်မာကုန်ထုတ်လုပ်မှု PMI အညွှန်းကိန်း ဇန်နဝါရီလမှာလည်း တိုးတက်မှုဘက်မှာရှိနေ

မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍထဲမှာ လည်ပတ်မှုအခြေအနေတွေကတော့ ပြီးခဲ့တဲ့ဇန်နဝါရီလမှာလည်း တိုးတက်မှုတွေရှိနေခဲ့တယ်လို့ သိရပါတယ်။ ကုန်အမှာစာသစ်ရရှိမှုနဲ့ ထုတ်လုပ်နိုင်မှုပိုင်းမှာ အတက်ဘက်ရှိနေခြင်းနဲ့အတူ လုပ်ငန်းတွင်းစုစုပေါင်းတိုးတက်မှုမှာ အတန်အတင့် တိုးတက်မှုတစ်ရပ်ရှိနေတာကို ယခုနောက်ဆုံးထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရသိရပါတယ်။

Nikkei Myanmar Manufacturing Purchasing Managers'Index ဒါမှမဟုတ်PMI ကတော့ ဒီဇင်ဘာလက ၅၂.၅ ကနေ ဇန်နဝါရီမှာ ၅၁.၉ ကို ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့်လည်း ယင်းကိန်းဂဏန်းကတော့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်သူကဏ္ဍရဲ့ အခြေအနေဟာ အတန်အတင့်တိုးတက်မှုတွေ ရှိနေတာကို ညွှန်ပြနေလျက်ရှိပါတယ်။ PMI အညွှန်းကိန်း ၅၀ အထက်ဆိုရင် ကုန်ထုတ်လုပ်မှုအားကောင်းပြီး စီးပွားရေးတိုးတက်တယ်၊ ၅၀ အောက်ဆိုရင် ထုတ်လုပ်မှုကျဆင်းသွားတယ်ဆိုပြီး သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒါဟာ ယမန်နှစ် မေလနောက်ပိုင်း စုစုပေါင်းစွမ်းဆောင်မှုပိုင်းမှာ သုံးလဆက်တိုက် တိုးတက်လာခဲ့တာဖြစ်ပြီး ဒုတိယမြောက် အားအကောင်းဆုံးလည်းဖြစ်ပါတယ်။

**Source:** https://asia.nikkei.com/.../Myanmar-manufacturing-PMI-improve...

## ရွှေသတ္တု ထုတ်လုပ်သန့်စင်ရာတွင်အသုံးပြုသည့်ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ ပြည်ပမှ တင်သွင်းခွင့်ဆိုင်ရာ မူဝါဒထုတ်ပြန်ခြင်း

ရွှေသတ္တု ထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသောလုပ်ကွက်များတွင် အသုံးပြုမည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တင်သွင်းရောင်းချဖြန့်ဖြူးသူများ လိုက်နာရန် စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၊ ဥပဒေ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ဖြင့် ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် အောက်ပါမူဝါဒကို ထုတ်ပြန်လိုက်သည် -

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

"ရွှေသတ္တု ထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာမူဝါဒ"

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ရွှေသတ္တု ထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသော လုပ်ကွက်များတွင် အသုံးပြုမည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းနှင့် အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅ ၊ ပုဒ်မခွဲ(က) အရ အောက်ဖော်ပြပါမူဝါဒများအား ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တင်သွင်းရောင်းချဖြန့်ဖြူးသူများ လိုက်နာရန်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) ရွှေသတ္တုသယံဇာတ အရင်းအမြစ်များကို ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတု ပစ္စည်းများ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်၊ လူနှင့် သက်ရှိသတ္တဝါတို့အပေါ် ကာလတို၊ ကာလရှည် ဆိုကျိုးသက်ရောက်မှု မဖြစ်စေဘဲ အကျိုးရှိစွာ ထုတ်လုပ်အသုံးချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရန်

(ခ) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်းအပြင် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် သိုလှောင်ခြင်း၊ နည်းပညာအရ ပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ အန္တရာယ်ကင်းရှင်းစေရေး အတွက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စေရန်

(ဂ) တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းလာသော ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို စနစ်တကျ သုံးစွဲလာစေရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များရယူ၍ ကိုင်တွယ်အသုံးပြုသူများကို အသိပေးသည့်စနစ် ကျင့်သုံးစေရန်

(ဃ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း အပါအဝင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်လမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန်

(င) ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတု ပစ္စည်းများကို နယ်စက်ကုန်သွယ်မှုစခန်းများနှင့် ဆိပ်ကမ်းများမှတစ်ဆင့် တင်သွင်းသယ်ယူပို့ဆောင်မည် ဆိုပါက အဆိုပါစခန်းများ၏စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သိုလှောင်မည့် စခန်းများ၏ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ သိုလှောင်မည့် နေရာနှင့် လုပ်ငန်းခွင်သို့ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်စေရန်

(စ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို အသုံးပြုရန်နှင့်ရောင်းချရန်တို့အတွက် လက်ခံသိုလှောင်မည့်သူသည် ယင်းဓာတုပစ္စည်းများ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတင်းပို့စေရန်

(ဆ) ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို ပြည်ပမှ ဝယ်ယူလိုလျှင်သော်လည်းကောင်း၊ ဝယ်ယူသိုလှောင်ပြီး ပြန်လည်ဖြန့်ဖြူး ရောင်းချလျှင်သော်လည်းကောင်း ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် မိမိတို့ ဖြန့်ဖြူးရောင်းချသူ များ၏ အမည်၊ နေရပ်၊ ရောင်းချခဲ့သည့် ပမာဏ၊ သုံးစွဲမည့် ဒေသ၊ သုံးစွဲမည့်အကြောင်းအရာ များကို စနစ်တကျမှတ်တမ်းများထားရှိ၍ ရောင်းချသူနှင့်ဝယ်ယူသုံးစွဲသူများသည် လိုအပ်ပါက စစ်ဆေးမှုခံယူနိုင်ရေးအတွက် ပြင်ဆင်ထားရှိစေရန်

(ဇ) ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများနှင့်စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေး ဆိုင်ရာနည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်တော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကိုထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်စေရန်


(ဈ) ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများကိုအသုံးပြုပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ပါက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်

၂။ ဤမူဝါဒ ထုတ်ပြန်သည့်နေ့မှစ၍ ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အထက်အပိုဒ်(၁)ပါ အချက်များအား တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

**Source: စိုက်ပျိုးရေးဝန်ကြီးဌာန**

## ပြည်ပသို့ ဒေါ်လာတစ်သောင်းထက် ငွေပိုလွှဲလျှင် ဗဟိုဘဏ်မှခွင့်ပြုချက်ယူရမည်ဟုဆို

ပြည်ပသို့ ကုန်သွယ်မှုအတွက်မဟုတ်သော ငွေလွှဲပေးပို ခြင်းများအတွက် တစ်ကြိမ်လျှင်အများဆုံး အမေရိကန်ဒေါ်လာ တစ်သောင်းအထိသတ်မှတ်ထားရှိရာ ၎င်းထက်ပိုများသော ငွေပမာဏကို လွှဲပြောင်းပေးချေလိုပါက ဗဟိုဘဏ်၏ ခွင့်ပြုချက်ကိုရယူရမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဖြေကြားခဲ့သည်။



"ပြည်ပခရီးစဉ်များ၊ ဆေးကုသမှု၊ ပညာသင်စရိတ်နှင့် စာမေးပွဲကြေးများ၊ ညီလာခံနှင့်ဆွေးနွေးပွဲတက်ရောက်ခြင်း၊ ပြည်ပတွင် နေထိုင်သည့်မိသားစုဝင်များ၏ နေထိုင်စားသောက်မှုကုန်ကျစရိတ်တို့အတွက် အများဆုံး အမေရိကန်ဒေါ်လာတစ်သောင်းအထိ ပမာဏကို သတ်မှတ်ထားသည့်အထောက်အထားများ တင်ပြလာပါက စိစစ်ပြီးလွှဲပို့နိုင်ပါတယ်၊ အမေရိကန် ဒေါ်လာတစ်သောင်း၊ သို့မဟုတ် ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေထက် ပိုများသောပမာဏကို လွှဲပြောင်းပေးချေလိုပါက ဗဟိုဘဏ်သို့တင်ပြပြီး ခွင့်ပြုချက်ရယူရမှာဖြစ်ကြောင်း ပြောခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေ၏ စည်းမျဉ်းအပိုဒ် (၂၉)အရ ထိုကဲ့သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ပြောခဲ့သည်။ ထိုဥပဒေအရ ကုန်သွယ်မှုအတွက် ငွေလွှဲပေးပို့ခြင်းများကိုမူ ငွေကြေးပမာဏကန့်သတ်ထားခြင်းမရှိကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု အပိုဒ် (၂၇) အရ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရ ဘဏ် ၃၅ ခုရှိကြောင်း၊ ၎င်းတို့မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးထားသော နိုင်ငံပိုင်ဘဏ် သုံးခု၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ခု၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြစ်ကြကြောင်း၊ နိုင်ငံခြားသို့ငွေလွှဲလိုပါက အဆိုပါဘဏ်များနှင့် ဆက်သွယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ၎င်းက ရှင်းလင်းဖြေကြားခဲ့သည်။ ထို့အပြင် တရားမဝင်ငွေလွှဲပေးပို့ခြင်းများအား ထိန်းကျောင်းရန် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ အတွေ့အကြုံများအား ရယူလျက် စည်းမျဉ်းတစ်ရပ် မူကြမ်းပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း၊

ထိုမူကြမ်းအပေါ် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ကော်မတီအဆင့်ဆင့်တို့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကိုရယူကာ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စည်းမျဉ်းများ ထုတ်ပြန်ပြီးပါက နိုင်ငံခြားငွေ လွှဲပြောင်းလက်ခံခြင်း လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ အဆိုပါ လိုင်စင်ရရှိသည့် ကုမ္ပဏီများမှတာဝန်ရှိသူများကို ပြည်ထဲရေး ဝန်ကြီးဌာန FIU (Financial Intelligence Unit) က ပို့ချသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် ငွေကြေး ထောက်ပံ့မှုကာကွယ်ရေးဆိုင်ရာသင်တန်းများသို့ တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ပြောခဲ့သည်။

**Source:** http://www.xinhuamyanmar.com

## Mama ခေါက်ဆွဲထုတ်လုပ်သူ ထိုင်းကုမ္ပဏီက မြန်မာနိုင်ငံမှာ စက်ရုံသစ်ထပ်မံတည်ဆောက်ဖို့ စီစဉ်

Mama အမှတ်တံဆိပ် အသင့်စား ခေါက်ဆွဲတွေ ထုတ်လုပ်တဲ့ ထိုင်း စားသောက်ကုန်လုပ်ငန်းကုမ္ပဏီ Thai President FoodsPlc (TFMAMA) က ယခုအခါ မြန်မာနဲ့ ကမ္ဘောဒီးယားတို့မှာစက်ရုံသစ်တွေ ထပ်မံတည်ဆောက်ဖို့စီစဉ်နေပြီ ဖြစ်ကြောင်း သိရပါတယ်။ ဒါဟာ အဆိုပါ မြန်မာ၊ ကမ္ဘောဒီးယားဈေးကွက်နှစ်ခုမှာ ဝယ်လိုအားကြီးထွားလာနေခြင်းကို အလျင်မီအောင်ဖြည့်ဆည်းနိုင်ဖို့ရည်ရွယ်ပြီး ဘတ်ငွေ ၆၆၀ သန်းသုံးစွဲပြီး ယခုလိုစက်ရုံသစ်တွေ တည်ဆောက်ဖို့ စီစဉ်နေကြောင်းဖြစ်ကြောင်း အဆိုပါထိုင်းကုမ္ပဏီကပြောပါတယ်။

ရန်ကုန်မြို့က ခေါက်ဆွဲစက်ရုံရဲ့ ထုတ်လုပ်နိုင်စွမ်းက ပြည့်နေပြီဖြစ်ပြီး တစ်ရက်လျှင် အထုပ်ပေါင်း ၂၀၀,၀၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း ကုမ္ပဏီရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဌာန အကြီးအကဲ Petch Paniangvait က ပြောပါတယ်။ ယင်းအတွက်ကြောင့် မန္တလေးမှာ ဒုတိယစက်ရုံတစ်ရုံတည်ဖို့အတွက် ဘတ်ငွေ သန်း ၃၃၀ ခွဲဝေချထားပေးဖို့ ကုမ္ပဏီဘက်က စီစဉ်နေပြီဖြစ်ကြောင်းသိရပါတယ်။

ယင်းစက်ရုံကိုတော့ လာမယ့် ၁၅ လတာအတွင်း စတင်လည်ပတ်သွားနိုင်မယ်လို့ မျှော်လင့်ထားပြီး စုစုပေါင်း ထုတ်လုပ်နိုင်မှုကို တစ်နေ့လျှင် အထုပ်ပေါင်း ၄၀၀,၀၀၀ အထိ နှစ်ဆ တိုးထုတ်နိုင်ဖို့ ရှိနေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက Mama အသင့်စားခေါက်ဆွဲလုပ်ငန်းကိုတော့ Ayeyarwaddy Success Venture Foods ဆိုတဲ့ ဖက်စပ်လုပ်ငန်းတစ်ခုအောက်မှာ လည်ပတ်လုပ်ကိုင်နေတာဖြစ်ပြီး ယင်းလုပ်ငန်းမှာတော့ Thai President Foods က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း ထိန်းချုပ်ထားတယ်လို့ သိရပါတယ်။

**Source:** https://www.bangkokpost.com/business/news/1623094/

## တရုတ်သို့တင်ပို့ရန်နှင့် ဟိုတယ်များ၌ အလှဆင်ရန် သဘာဝသစ်မြစ်ဆုံများ ဈေးကောင်းပေးဝယ်ယူနေ



မကွေးမြို့နယ် ဒေါင်းနေကျေးရွာတွင် သဘာဝသစ်မြစ်ဆုံများကိုတရုတ်ပြည်ပတင်ပို့ရန်နှင့် ပြည်တွင်းရှိ ဟိုတယ်လုပ်ငန်းရှင်များက အလှဆင်ရန် ဈေးကောင်းပေး၍ ဝယ်ယူနေကြောင်းသိရသည်။ ယခင်က သစ်မြစ်တုံးများကို ထင်းအဖြစ်ရှာဖွေအသုံးပြုခဲ့ရသော်လည်း ယခုအခါ ဈေးကောင်းပေး၍ ဝယ်ယူနေမှုကြောင့် ထင်းအဖြစ်အသုံးမပြုတော့ဘဲ မိသားစုဝမ်းစာအတွက် ရှာဖွေရောင်းချနေကြခြင်းဖြစ်သည်။

ချောင်းရိုးတစ်လျှောက် သဲထဲနစ်မြုပ်နေတဲ့ သစ်မြစ်ဆုံတွေကိုဖော်ယူပြီး သစ်မြစ်ဆုံတွေကို ရေဆေးသန့်စင်ကာ ပုံစံမပျက်ပြန်လည် ရောင်းချကြောင်း မကွေးမြို့နယ် ဒေါင်းနေကျေးရွာနေ သဘာဝသစ်မြစ်ဆုံများရောင်းချနေသူ ကိုအေးနိုင်က ပြောဆိုသည်။

သစ်မြစ်ဆုံများကို ဟိုတယ်များမှ သဘာဝသယံဇာတအနေဖြင့် လာဝယ်ကြကြောင်း၊ သစ်မြစ်ဆုံအကြီး၊ အသေးအလိုက် သစ်မြစ်ဆုံတစ်ခုလျှင် ကျပ်သုံးသိန်းခွဲမှ ခုနစ်သိန်း၊ ရှစ်သိန်းဈေးများဖြင့် ရောင်းချရကြောင်း၊ ဒါ့အပြင် ရရှိသည့်သစ်မြစ်ဆုံတွေအနက် မိကျောင်းနှင့်တူပါက မိကျောင်းရုပ်၊ ဆင်နှင့်တူလျှင် ဆင်ရုပ်၊ နဂါးနှင့်တူလျှင် နဂါးရုပ်စသည်ဖြင့် အရုပ်ထုလုပ်ရန်ကောင်းသည့် သစ်မြစ်ဆုံများကို အရုပ်ထုပြီးရောင်းချပါကြောင်း၊ အဆိုပါ အရုပ်တစ်ရုပ်လျှင် ကျပ်ခုနစ်သောင်းမှ ရှစ်သောင်းအထိ ဈေးကောင်းရကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

သစ်မြစ်ဆုံတွေက ရှား၊ လက်ပံ၊ ဒီးဒူး၊ ယူကလစ်စတဲ့ အပင်တွေကများကြောင်း၊ ယူကလစ်သစ်မြစ်ဆုံတွေကို

ဝယ်ယူတဲ့သူပိုများကြောင်း၊ ယူကလစ်သားကမာပြီး ပိုးမထိုးတာကြောင့် ဝယ်ယူကြသလို ဈေးလည်းပိုရကြောင်း၊ ရွာမှာ လယ်ချိန်ယာချိန်ပြီးရင် အင်ကြင်းကျောက်တူး ရောင်းတဲ့သူ၊ သစ်မြစ်ဆုံတူးရောင်းတဲ့သူတွေနဲ့ အလုပ်ကို မနားရဘဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များလှကြောင်းလည်းပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/120192.html

## တရားမဝင် ငွေလွှဲလုပ်ငန်းများ တရားဝင်လုပ်ကိုင်ခွင့်ပြုရေး ဗဟိုဘဏ်စီစဉ်နေ

တရားမဝင် ပြည်ပငွေလွှဲလုပ်ငန်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ထောက်ပံ့မှုတို့အတွက် အသုံးချနိုင်ဖွယ်ရှိပြီး ယင်းလုပ်ငန်းများကို ထိန်းကျောင်းနိုင်ရန် တရားဝင်လုပ်ကိုင်ခွင့်ပြုရေး စီစဉ်နေကြောင်း ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌ ဦးဘိုဘိုငယ်ကပြောသည်။ တရားမဝင် ပြည်ပငွေလွှဲလုပ်ငန်းများကိုထိန်းကျောင်းရန် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ အတွေ့အကြုံ၊ နည်းလမ်းတို့ရယူ၍ စည်းမျဉ်းတစ်ရပ်ကို မူကြမ်းရေးဆွဲပြုစုကာ နိုင်ငံတော်သမ္မတရုံးအပါအဝင် သက်ဆိုင်ရာ ကော်မတီများထံ ပေးပို့ထားကြောင်း ၎င်းကပြောသည်။

ပြီးခဲ့တဲ့တစ်ပတ်မှာ အပြီးသတ်ရေးဆွဲထားတဲ့ စည်းမျဉ်းမှာဆိုရင် ဘယ်လိုသတင်းပို့မှုလုပ်ရမလဲ၊ ဘယ်လိုအချက်အလက်တွေကိုသိမ်းထားရမယ်၊ သူ့ရဲ့ဝန်ထမ်းတွေကို ဘယ်လိုသင်တန်းပေးရမယ်၊ ဗဟိုဘဏ်ကို ဘယ်လိုသတင်းပို့ရမယ်ဆိုတဲ့ အစီအစဉ်တွေ အတိအကျပါကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌကဆိုသည်။ အဆိုပါစည်းမျဉ်းတွင် နိုင်ငံခြားငွေလွှဲပြောင်း၊ လက်ခံခြင်း လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ရကုမ္ပဏီတာဝန်ရှိသူများကို ငွေကြေးခဝါချမှု အန္တရာယ်မှ ကာကွယ်နိုင်ရန် သတင်းပို့ရမည့်တာဝန်များ၊ သတင်းပို့ရမည့်နည်းစနစ်များ သင်ကြားပေးမည်ဖြစ်ပြီး ယခုနှစ်အတွင်း အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေသည်ဟုဆိုသည်။

ပြည်ပသို့ တရားမဝင်ငွေလွှဲပေးပို့မှုသည် ကုန်သွယ်ရေးနှင့်သက်ဆိုင်သည့် ငွေလွှဲမှုအများစုဖြစ်ပြီး နိုင်ငံအတွက် အခွန်များ ဆုံးရှုံးသည့်အပြင် တရားမဝင်ငွေလွှဲလုပ်ကိုင်သူများက မသမာမှုပြုခြင်း၊ တိမ်းရှောင်ခြင်းများကြောင့် ငွေလွှဲသူများ နစ်နာမှုကြုံတွေ့ရခြင်းများရှိကြောင်း ဦးဘိုဘိုငယ်ကပြောသည်။ လက်ရှိတွင် ပြည်ပသို့ငွေလွှဲပေးပို့ခြင်းလုပ်ငန်းကို ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင် စင်ထုတ်ပေးထားသည့် နိုင်ငံပိုင်ဘဏ်နှင့် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိ က ဘဏ်စုစုပေါင်း ၃၅ ဘဏ်ကသာ ဆောင်ရွက်ခွင့်ရှိပြီး ကုန်သွယ်မှုအတွက်ငွေလွှဲပေးပို့ခြင်းနှင့် ကုန်သွယ်မှုမဟုတ်သော ငွေလွှဲပေးပို့ခြင်းဟု ခွဲခြားသတ်မှတ်ထားသည်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ တရားမဝင် ပြည်ပငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများကို အရေးယူနိုင်သော်လည်း လက်တွေ့တွင်မူ ဥပဒေ လွှမ်းမိုးမှုအားနည်းခြင်း၊ သက်ဆိုင်ရာဌာနများ၏ အားနည်းချက်၊ တရားဝင်ငွေလွှဲပို့ရာတွင် မလိုလားအပ်သည့် သတ်မှတ်ချက်များရှိနေခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် တရားမဝင်ငွေလွှဲဝန်ဆောင်မှုကို အများဆုံးအသုံးပြုနေဆဲ ဖြစ်ကြောင်းသိရသည်။ ဘာကြောင့် တရားမဝင် ငွေလွှဲဝန်ဆောင်မှုကို အများဆုံးအသုံးပြုလဲလို့ လေ့လာကြည့်ရင် ဈေးကွက်လိုအပ်ချက်ဖြစ်ပြီး ဝယ်လိုအားရှိလို့ ရောင်းလိုအားရှိတာဖြစ်ကြောင်း၊ ဒါကြောင့် သက်ဆိုင်ရာလုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရတဲ့ဌာနတွေအနေနဲ့ ငွေကြေးခဝါချမှုများမဖြစ်ပေါ်လာအောင်နဲ့ နိုင်ငံတော်အခွန်ဘဏ္ဍာမဆုံးရှုံးရအောင် ရောင်းလိုအားနဲ့ ဝယ်လိုအား မျှအောင်လုပ်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်းလည်းသိရသည်။

တရားမဝင် ငွေလွှဲလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ပြုပါက "တရားမဝင် စီးဆင်းနေတဲ့ငွေတွေ တရားဝင်ဖြစ်လာမယ့် သဘောဖြစ်ကြောင်း Farmer Auto ငွေလွှဲကောင်တာဖွင့်လှစ်ထားသည့် စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ပြောသည်။ ထို့အပြင် နိုင်ငံတော်အတွက် အခွန်အခများရရှိလာနိုင်မည်ဟုလည်း ၎င်းကပြောသည်။ မြန်မာနိုင်ငံတွင် ငွေလွှဲလုပ်ငန်းများအတွက် လိုင်စင်ချထားပေးသော်လည်း လက်ရှိအချိန်ထိ ငွေလွှဲလုပ်ငန်းများကို ခွင့်ပြုခြင်းမရှိသေးပေ။ ထို့ကြောင့် ငွေကြေးကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များက ဗဟိုဘဏ်ကို ငွေလွှဲလိုင်စင်များချထားပေးရန် တောင်းဆိုမှု ရှိခဲ့သည်။

**Source:** http://www.7daydaily.com/story/149245

## ဈေးကွက်အခြေခံသည့် ရည်ညွှန်းငွေလဲနှုန်းကို ယနေ့စတင်ထုတ်ပြန် ၊ နေ့တစ်နေ့အတွက် အချက်အလက် အားလုံးရမည်ဖြစ်ပြီး ညနေ ၄ နာရီ ပြောင်းလဲထုတ်ပြန်မည်ဖြစ်၍ ဈေးကွက်ပေါက်ဈေးနှင့်နီးစပ်မည်



ပုဂ္ဂလိကဘဏ်နှင့် ငွေလဲလုပ်ငန်းများမှ ကန်ဒေါ်လာပေါက်ဈေးနှင့် နီးစပ်စွာသတ်မှတ်နိုင်ရန် ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်း သတ်မှတ်ချိန်ကို ဖေဖော်ဝါရီ ၅ ရက်က စတင်ပြီး ညနေ ၄ နာရီသို့ ပြောင်းလဲထုတ်ပြန်မည်ဟု ဗဟိုဘဏ်က ညွှန်ကြားချက်ထုတ်ပြန် သည်။ ဘဏ်များအကြား ဒေါ်လာရောင်းဝယ်ခြင်း၊ ပုဂ္ဂလိက ဘဏ်များနှင့် ဗဟိုဘဏ်အကြား လေလံဈေးကွက်ဖြင့် ရောင်းဝယ် မှုများအတွက် ရည်ညွှန်းငွေလဲနှုန်းကို နေ့စဉ် နံနက် ၉ နာရီတွင် ထုတ်ပြန်ရာမှ ညနေသို့ ပြောင်းလဲခြင်းဖြစ်သည်။

မူဝါဒပြောင်းလဲမှုမဟုတ်ဘဲ၊ နည်းပညာပြောင်းလဲမှုဖြစ်ကြောင်း အငြိမ်းစားဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။ ပုဂ္ဂလိကဘဏ်များနှင့် ငွေလဲကောင်တာများဖွင့်လှစ်သည့် ဒေါ်လာဈေးနှုန်းနှင့် နီးစပ်စွာဖော်ပြနိုင်ပါက လေလံ ဈေးကွက်ဖြင့် ဒေါ်လာဝယ်ယူရာတွင် ဈေးနှုန်းကွာဟမှုကျဉ်းမြောင်းပြီး ငွေကြေးဆုံးရှုံးမှုလျော့နည်းမည်ဟု စီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။
ယခင်က ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းနှင့် ဈေးကွက်ပေါက်ဈေး မကိုက်ညီခြင်းကြောင့် ဗဟိုဘဏ်တွင် နစ်နာမှုများ ရှိခဲ့သည်။ ၂၀၁၈ နှစ်ကုန်ပိုင်း၌ ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာ ၃၄ သန်း ဝယ်ယူရာတွင် ငွေကြေးဈေးကွက် ပေါက်ဈေးထက် များစွာပိုပေးပြီး ဝယ်ခဲ့ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်အချို့ကဝေဖန်ခဲ့သည်။ ပြည်တွင်းငွေကြေး ဈေးကွက်တွင် ဒေါ်လာဈေးကျနေချိန်၌ ဗဟိုဘဏ်က အမြင့်နှုန်းဖြင့်ဝယ်ယူခြင်းသည် ဒေါ်လာဈေးမကျရန်နှင့် ပြည်တွင်း ဘဏ်သာ အကျိုးရှိရန်မဟုတ်ဘဲ ဗဟိုဘဏ်က လုပ်ရိုးလုပ်စဉ်အတိုင်း ပြုလုပ်ခြင်းသာဖြစ်ကြောင်း ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌဦးစိုးသိန်းကပြောသည်။
နိုင်ငံတကာတွင် ဗဟိုဘဏ်က ငွေကြေးဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် ပုဂ္ဂလိကဘဏ်များမှ ဒေါ်လာများ ဝယ်ယူခြင်း၊ ပုဂ္ဂလိကဘဏ်များသို့ ဒေါ်လာများရောင်းချခြင်းတို့ကို ဆောင်ရွက်လေ့ရှိကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူ အချို့ကပြောသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုသို့ဆောင်ရွက်ရန် ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်း အချိန်ပြောင်းလဲခြင်း ဖြစ်နိုင်သည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့ကဆိုသည်။ လက်ရှိရည်ညွှန်းငွေလဲနှုန်း ထုတ်ပြန်မည့်အချိန် ပြောင်းလဲခြင်းက နေ့စဉ်ပုဂ္ဂလိကဘဏ်များနှင့် ငွေလဲကောင်တာများ ပေါက်ဈေးနှင့် နီးစပ်နိုင်သည့်နှုန်းတစ်ခု ရရှိမည်ဟု ဆိုသည်။ အရင်က လက်တွေ့နဲ့သိပ်မနီးစပ်ဘဲ အခုက အပြင်မှာဖြစ်နေတဲ့ဈေးနဲ့နီးစပ်မယ့်အနေအထားဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကပြောသည်။
အချိန်ပိုင်းအတွင်း ငွေလဲနှုန်းအပြောင်းအလဲများသောနိုင်ငံတွင် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပုဂ္ဂလိကဘဏ်များနှင့် ငွေလဲကောင်တာများဖွင့်သော ဈေးနှုန်းကိုတွက်ချက်ပြီး ၄ နာရီတွင် ရည်ညွှန်းငွေလဲနှုန်းဈေးနှုန်းကို ဗဟိုဘဏ် ဝက်ဘ်ဆိုက်၌ ဖော်ပြမည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/149235

## သံနှင့်သံမဏိတန်ချိန် သုံးသန်းခန့် ပြည်ပမှတင်သွင်းနေရ



သံနှင့်သံမဏိကို ပြည်တွင်းတည်ဆောက်ရေးလုပ်ငန်းများအတွက် တစ်နှစ် လျှင် ၅ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ပြီး ပြည်ပမှ တန်ချိန်သုံးသန်းခန့် တင်သွင်းနေရသည်ဟု စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစား စက်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကံချွန်ကပြောသည်။ ဖေဖော်ဝါရီ ၄ ရက်က နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ပထမဆုံးအကြိမ် ပြုလုပ်သော နိုင်ငံတကာ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်း အကြောင်း

အရာများ ဆွေးနွေးပွဲခေတ္တရပ်နားစဉ် မီဒီယာများ၏ မေးမြန်းမှုကို ဦးကံချွန်က ပြန်လည်ဖြေကြားခြင်းဖြစ်သည်။ လက်ရှိတွင် စက်မှုဝန်ကြီး ဌာနအောက်၌ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ်(၂) သံမဏိ စက်ရုံ (ပင်းပက်) နှစ်ရုံသာရှိသည်ဟု ၎င်းကဆိုသည်။ "မြင်းခြံရဲ့ ဆောင်ရွက်နိုင်တဲ့ ထုတ်လုပ်စွမ်းအားကတော့ တစ်နှစ်ကို တန်ချိန်နှစ်သိန်း၊ စက်ရုံနှစ်ရုံ ရှိပါတယ်။ စုစုပေါင်းနှစ်ရုံဆိုရင် လေးသိန်းထုတ်နိုင်မှာ ဖြစ်ပါတယ်"ဟု ဦးကံချွန်က ပြောကြားသည်။

ယင်းအတွက် မြန်မာနိုင်ငံတွင် သံနှင့်သံမဏိထုတ်လုပ်နိုင်ရေး စံချိန်စံညွှန်းတစ်ခု မရှိမဖြစ်လိုအပ်နေပြီး ယခုအခမ်းအနားမှ ဆွေးနွေး အကောင်အထည်ဖော်ရန် ၎င်းကတိုက်တွန်းပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိသံနှင့်သံမဏိ တင်သွင်း သုံးစွဲနေရာတွင် စံချိန်စံညွှန်းမရှိသဖြင့် ထိန်းချုပ်ရန် ခက်ခဲနေသည်ဟု မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း (MSA)မှ အကြံပေး ဦးတင်မြင့်ကဆိုသည်။ ဒီအရည်အသွေးကိုသာ မှန်မှန်ကန်ကန်ထိန်းချုပ်ဖို့မရှိရင် ကျွန်တော်တို့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ စံချိန်စံညွှန်းရဲ့သတ်မှတ်ချက်တစ်ခုကို မြန်မြန် ဖြစ်စေချင်တယ်ဟု ဦးတင်မြင့်ကပြောသည်။ လက်ရှိနိုင်ငံ၏ စီးပွားရေးနှင့်နိုင်ငံရေးအခြေအနေအရ ၅ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်သေးသော်လည်း နည်းပညာမြင့်မားသော နိုင်ငံများ၏စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ဆောင်ရွက်နိုင် မည်ဆိုပါက နောင်တွင်ပြည်ပပို့ကုန်အထိ မျှော်မှန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း (MISA) ဥက္ကဋ္ဌ ဒေါက်တာကေသီလွင်က ဖြည့်စွက်ပြောကြားသည်။ ကိုယ့်ရဲ့ပြည်တွင်းထုတ်လုပ်မှုအတွက်လည်း အဆင်ပြေအောင်၊ ပြည်ပပို့ကုန်ကိုလည်း ကိုယ့်ရဲ့အဆင့်အတန်းတစ်ခုနဲ့ ထိန်းချုပ်လို့ရအောင် ဒီဆွေးနွေးပွဲကနေ စံသတ်မှတ်ချက်တစ်ခုကို သတ်မှတ်ပေးကြဖို့ အကြံပြုလိုကြောင်း ဒေါက်တာကေသီလွင်ကပြောသည်။ သံနှင့်သံမဏိထုတ်လုပ်မှုတွင် အိမ်နီးချင်းထိုင်းနိုင်ငံသည် တစ်နှစ်လျှင် တန်ချိန် ၁၅ သန်းကျော်နှင့် ဗီယက်နမ်နိုင်ငံသည် တစ်နှစ်လျှင် တန်ချိန် သန်း ၂၀ ကျော် ထုတ်လုပ်တင်ပို့နိုင်ပြီဖြစ်ကြောင်း ဦးကံချွန်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသည်။

**Source:** http://www.7daydaily.com/story/149246

## အဝယ်လိုက်နေတဲ့ ပဲတီစိမ်း

မန္တလေးပဲမျိုးစုံဈေးကွက်တွင် ပြည်ပဝယ်လက်ရှိခြင်းကြောင့် ပဲတီစိမ်းအား စိုက်ပျိုးသည့်ဒေသများအထိ လိုက်လံ ဝယ်ယူမှုများရှိခြင်းကြောင့် ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်တွင် သုံးတင်းဝင်တစ်အိတ် ၁၀၃၀၀၀ ကျပ်မှ ဖေဖော်ဝါရီ ၂ရက်နေ့တွင် ၁၀၅၀၀၀ ကျပ်သို့ မြင့်တက်လာခဲ့သည်။ သိသာစွာမြင့်တက်ခြင်း မဟုတ်သော်လည်း ဝယ်လိုအား ကောင်းမွန်နေခြင်းကြောင့် ဈေးနှုန်းဆက်လက်မြင့်တက်နိုင်ချေရှိကြောင်း ကုန်သည်များကသုံးသပ်ထားသည်။

တရုတ်နိုင်ငံက ဝယ်နေတယ်။ အရည်အသွေးကောင်းရင် ကောင်းသလို ဈေးကပိုရပါတယ်။ မန္တလေးဈေးကွက်ထဲမှာလည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ နှစ်ကူးကာလ ဖြစ်တာကြောင့်လည်း ဈေးကသိသာစွာ မတက်သေးတာဖြစ်ပါတယ်" ဟု ပဲကုန်သည်တစ်ဦးကဆိုသည်။



မတ်ပဲမှာမူ အိတ်စ်ပို့အနည်းငယ်ရှိခြင်းကြောင့် ဝယ်လိုအား အနည်းငယ်ရှိသော်လည်း ဈေးနှုန်း အတက်အကျမှာ ပြောင်းလဲမှု မရှိပဲ တန့်လျက်ရှိသည်။ ဇန်နဝါရီ နောက် ဆုံး သီတင်းပတ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ၇၀၀၀၀ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂ရက်နေ့ တွင်လည်း ၆၈၀၀၀-၇၀၀၀၀ကျပ် ရှိနေသည်။ ကုလားပဲမှာဝင်ရောက်မှု အနည်းငယ်များသော်လည်း ဈေးကွက် လိုအပ်ချက်ရှိခြင်းကြောင့် ဈေးနှုန်းအနည်းငယ်သာ ကျဆင်း သွားသည်။ ဇန်နဝါရီ နောက်ဆုံးသီတင်းပတ်တွင် ကုလားပဲသုံးတင်းဝင်တစ်အိတ် ၇၀၀၀၀ မှ ၇၁၀၀၀ကျပ်ကြား ပေါက် ဈေးရှိခဲ့ရာမှ ဖေဖော်ဝါ ရီ ၂ ရက်နေ့တွင် တစ်အိတ် ၆၉၀၀၀ မှ ၇၀၀၀၀ ကျပ် သို့ ကျဆင်းသွားသည်။ လက်ရှိအခြေ အနေ အရ ပြည်ပမှဝယ်လိုအားရှိနေခြင်းကြောင့် ဈေးနှုန်းမြင့်တက်နိုင်ချေများကြောင်း ကုန်သည်များကသုံးသပ်သည်။

တရုတ်နိုင်ငံမှ ဝယ်ယူမှုပုံမှန်ရှိနေခြင်းကြောင့်နှမ်းကုန်စည်မှာအဝင်များနေသော်လည်းဈေးနှုန်းကျဆင်းခြင်းမရှိပဲ ဈေးတန့် လျက်ရှိသည်။ ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းဖြူ ၁၇၃၀၀၀ ကျပ် မှ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တစ်အိတ် ၁၇၅၀၀၀ကျပ်၊ နှမ်း နက်(စမုံ) ၂၄၀၀၀၀ ကျပ်မှ ၂၄၅၀၀၀ ကျပ် သို့ အနည်းငယ် မြင့်တက်ခဲ့သော်လည်း နှမ်းညို ၁၅၈၀၀၀ကျပ်၊ နှမ်းနက် ၁၅၅၀၀၀ကျပ် အဖြစ် ပြောင်းလဲမှုမရှိကြောင်းသိရသည်။

ရန်ကုန်ပဲဈေးကွက်တွင်မူ ပြည်ပပို့ မတ်ပဲ RC တစ်တန်ဈေးနှုန်းများ ဆက်လက်ကျဆင်းလာရာ ဇန်နဝါရီလ ၃၀ ရက်တွင် ၆၂၉၀၀၀ ကျပ်နှုန်းသာရှိသည်။ မတ်ပဲ SQ-RCတစ်တန် ဈေးနှုန်းမှာ ၇၈၄၀၀၀ ကျပ်ရှိပြီး ပဲစင်းငုံမှာ ဈေးမဖွင့်ဟု သိရသည်။ ပြည်ပပို့ FOB ပဲ တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလ ၃၀ ရက်တွင် မတ်ပဲ FAQ/RC တစ်တန် ၄၇၅-၄၉၅ ဒေါ်လာ၊ SQ-RC ၅၉၅-၆၁၅ ဒေါ်လာ၊ ပဲစင်းငုံ (နီ) RC(၂၀၁၉ ခုနှစ်ထွက်) ၅၉၀-၆၁၀ ဒေါ်လာ၊ (၂၀၁၈ ခုနှစ်ထွက်) ၅၂၀-၅၄၀ ဒေါ်လာနှုန်း အသီးသီးရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ချင်းတောင်ထွက် (ဂျင်း) ချင်းများ မုံရွာ၊ မန္တလေးတို့မှအဝယ်လိုက်

ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကြဲ့၊ တားလ်ဒေသနှင့် ဖလမ်းမြို့နယ် ရိဒ်–ဖလမ်း ကားလမ်းတစ်လျှောက် တောင်ယာများမှထွက်ရှိသည့်ချင်းများကို ကလေးမြို့ တာဟန်းဈေးကွက်မှတစ်ဆင့် မုံရွာ၊ မန္တလေးဝယ်လက်များက ဝယ်ယူမှုများပြားနေသည့်အတွက် ချင်းပြည်နယ် ချင်းစိုက်တောင်သူများ အရောင်းသွက်၍ ဈေးကောင်းရနေကြောင်း ဟားခါး မြို့နယ် ချွန်ကြဲ့ရွာမှ ချင်းစိုက်တောင်သူ ဦးရမ်းလိန်ကပြောဆိုသည်။

ချင်းပြည်နယ်တွင် လွန်ခဲ့သည့် ဆယ်စုနှစ်များမှအစပြု၍ ရာသီပေါ်ဟင်းသီးဟင်းရွက်များနှင့် မုံရွာ၊ မန္တလေးနှင့် မြန်မာ–အိန္ဒိယ နယ်စပ်တွင် အရောင်းသွက်သည့် သီးနှံပင်များကို စိုက်ပျိုးမှုများပြားလာပြီး ရာသီပေါ်သီးနှံမျိုးစုံကို ကလေးမြို့ဈေးကွက်မှတစ်ဆင့် မုံရွာ၊ မန္တလေးဈေးကွက်နှင့် မြန်မာနိုင်ငံအနှံ့ရှိ မြို့ကြီးများအထိ တင်ပို့ရောင်းချမှု ရှိလာကြောင်းသိရသည်။

ကျွန်တော်တို့ ချင်းပြည်နယ်ထွက် သစ်သီးဝလံမျိုးစုံ၊ အသီးအနှံမျိုးစုံကို အခုပွင့်လင်းရာသီကာလ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာတဲ့အတွက် မြန်မာ—အိန္ဒိယနယ်စပ်ဈေးနဲ့ မုံရွာ၊ မန္တလေးဈေးကွက်တွေအထိ နေ့စဉ် တင်ပို့ရောင်းချပါတယ်။ အဓိကအရောင်းအဝယ်ဖြစ်နေတာကတော့ ကလေးမြို့ဈေးကွက်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ချင်းပြည်နယ်တွင် ချင်းကို တောင်ယာစိုက်ပျိုးရေးအဖြစ် ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်နှင့် တီးတိန်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။ ချင်းတူးဖော်သည့်ရာသီမှာ ဇန်နဝါရီလကုန်ပိုင်း မှ မတ်လအထိဖြစ်ပြီး ချင်းတောင်ထွက်ချင်းများကို ကလေးမြို့ တာဟန်းရပ်ကွက်ရှိ ချင်းပွဲရုံများသို့ တိုက်ရိုက် ချိတ်ဆက်ရောင်းချကာ ကားကြီးကားငယ်တို့ဖြင့် နေ့စဉ်ပိဿာချိန် ထောင်ချီတင်ပို့လျက်ရှိသည်။

ယခုရက်ပိုင်း ဟားခါးမြို့နယ် ချွန်ကြဲ့ရွာ ချင်းထွက်ဒေသတွင် ချင်းတစ်ပိဿာ ကောက် ဈေး ကျပ် ၆၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကာ ကလေးမြို့ဈေးကွက်တွင် ချင်းတစ်ပိဿာ ကျပ် ၁၅၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/120188.html

## ကြက်သွန်နီဈေး ယခုထက်ပိုမိုကျဆင်းလာမည်ကို တောင်သူများစိုးရိမ်နေ

ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်ကာ ကြက်သွန်နီစိုက်တောင်သူများထံ တိုက်ရိုက်လာရောက်ဝယ်ယူသည့် ကုန်သည်များ အနေဖြင့် ကြက်သွန်နီတစ်ပိဿာလျှင် ၅၀၀ ကျပ်အောက် ဈေးနှုန်းဖြင့်သာ ဝယ်ယူကြသဖြင့် တောင်သူများဆုံးရှုံး ထိခိုက် နေကြောင်း မန္တလေးတိုင်းဒေသကြီးမှ ကြက်သွန်စိုက်တောင်သူများကဆိုသည်။ ယခုနှစ်ကြက်သွန်စိုက်ပျိုးချိန်က ကြက်သွန် မျိုးဥများကို ဈေးနှုန်းကြီးစွာဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ရသော်လည်း လက်ရှိရောင်းချချိန်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ အောက်ရောက်နေသည့်အပြင် ထပ်မံဖော်မည့် ကြက်သွန်ခင်း များလည်းရှိနေသည့်အတွက် ယခုထက်ပိုမို ဈေးနှုန်းကျလာမည်ကို တောင်သူများကစိုးရိမ်နေကြသည်။ ကြက်သွန်ဈေး ၅၀၀ အောက်ရောက်ရင် ကျွန်တော်တို့ တောင်သူတွေတော်တော်လေးနစ်နာနေပြီ။ ဒီဈေးကြောင့် မရောင်းပဲထားရင် ပုတ်ကုန်မှာဆိုးလို့သာ ရောင်းနေရတာကြောင့် အရှုံးပြနေပြီဖြစ်ကြောင်း မြစ်သားမြို့နယ်မှ ကြက်သွန်နီစိုက် တောင်သူ ဦးသိန်းဝေကပြောသည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက်နေ့ထိ ကုန်သည်များမှ တောင်သူများထံမှ တိုက်ရိုက် ပေးဝယ်သည့်ဈေးမှာ တစ်ပိဿာလျှင် ၈၀၀ ကျပ်ခန့်ထိ ရှိခဲ့သော်လည်း၊ ယခုလ ၃ ရက်နေ့ ဈေးအရ ကြက်သွန်နီ တစ်ပိဿာလျှင် ၁၂၀ ကျပ်မှ ၄၆၀ ကျပ်ဖြင့်သာ ဈေးပေး ဝယ်ယူကြကြောင်းသိရသည်။

မနှစ်က တစ်ပိဿာကို ၁,၀၀၀ လောက်ရတယ်။ ဒီနှစ်တော့ ၅၀၀ တောင်ကျော်မယ် မထင်တော့ကြောင်း နွားထိုးကြီး မြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူ ဦးဟန်ဝင်းကပြောသည်။ လက်ရှိ မန္တလေးဈေးကွက်အတွင်းသို့ နေ့စဉ် ကြက်သွန်နီ မှာ ပိဿာချိန်တစ်သိန်းခန့်ထိဝင်ရောက်နေပြီး ဈေးကွက်အတွင်း ဝင်ရောက်လာသည့် ကြက်သွန်နီမှာ မြစ်သားမြို့နှင့်

ရွှေဘိုမြို့နယ်များမှ အများဆုံးဖြစ်ကြောင်းသိရသည်။ ကြက်သွန်က အဝင်များလို့ ဈေးကျတာဖြစ်ပါတယ်။ နောက်တစ်ချက်က လောလောဆယ် ကြက်သွန်တွေက ပြည်တွင်းမှာပုံနေပြီး၊ ပြည်ပကို မထွက်ကြောင်း၊ တရုတ်ဘက်က အဝယ်လိုက်လာရင် ဈေးပြန်တက်လာမှာဖြစ်ကြောင်း ကြက်သွန်ကုန်သည် ဦးစိုးဝင်းကပြောသည်။

**Source:** https://www.facebook.com/a9biz/

## STOCK EXCHANGE (5.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 137 | 1,220,000 | 27,112,747 | 241,303 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 2,650 | 7,612,500 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 147 | 3,234,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,800 | 2,800 | 2,800 | 2 | 5,600 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.75 | -0.53 | -0.14% | 378.28 | 378.28 | 377.75 | 2,936 | 12,072,100 | 5 | 515,719 |

**Index chart**





## Market Overview

As of 1:00 pm, 5th Feb. 2019

| MYANPIX | 377.75 |
|---|---|
| | ▼ 0.53 |
| Total Volume (shares) | 2,936 |
| Total Value (MMK) | 12 mil |
| Listed Company | 5 |
| Market Cap. (MMK) | 515,719 mil |

**MYANPIX**



| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 100 |